ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၂) အမှတ် (၃၃) ၂၀၂၄ ခုနှစ် ဩဂုတ်လ ၃၀ ရက်

## မာတိကာစဉ်

| | | |
|---|---|---|
| ၁။ | မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေသတင်းအချက်အလက်များ။ | ၂-၃ |
| ၂။ | လျှပ်စစ်သုံးယာဉ်စွန့်ပစ်ဘက်ထရီများနှင့်လျှပ်စစ်သုံးယာဉ်ဆိုင်ရာအခြားစွန့်ပစ်ပစ္စည်းများအား စီမံခန့်ခွဲမှုနှင့်သက်ဆိုင်သည့် ညွှန်ကြားချက်နှင့်စပ်လျဉ်းသည့် သတင်းစဉ်။ | ၄-၅ |
| ၃။ | ဗီယက်နမ်နိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများပြားလာသည့် စင်ကာပူနိုင်ငံ၏ အဓိက ရင်းနှီးမြှုပ်နှံမှုကဏ္ဍများ။ | ၆-၈ |
| ၄။ | အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) တွင် နိုင်ငံများ၏ ရာသီဥတုပြောင်းလဲခြင်း ဆိုင်ရာတာဝန်ရှိမှုနှင့်စပ်လျဉ်း၍ကြားနာရန် ကြေညာခြင်း။ | ၉-၁၁ |
| ၅။ | စင်ကာပူနိုင်ငံတွင် ရှေ့နေတစ်ဦးကို ငှားယခင်လုပ်ကိုင်ခဲ့သည့် law firm အား ဒေါ်လာ ၁၂၀,၀၀၀ ပြန်ပေးစေရန်အမိန့်ချမှတ်ခြင်း။ | ၁၂-၁၄ |
| ၆။ | အလုပ်ချိန်ပြင်ပ၌ အလုပ်ရှင်က ဆက်သွယ်သည့်တယ်လီဖုန်းနှင့်စာသားမက်ဆေ့ (message)များကို အလုပ်သမားများက လက်ခံဖြေကြားရန်မလိုသည့်ဥပဒေကို ဩစတြေးလျနိုင်ငံတွင်ပြဋ္ဌာန်းခြင်း။ | ၁၅-၁၆ |

## မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေသတင်းအချက်အလက်များ

ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုများပေးနေသော မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင် ယခုသီတင်းပတ်အတွင်း စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီက ထုတ်ပြန်သည့် ရခိုင်ပြည်နယ်စက်မှုဇုန်များ ဖော်ဆောင်ရေးနှင့် ကြီးကြပ်ရေး ကော်မတီဖွဲ့စည်းခြင်း အမိန့်ကြော်ငြာစာ၊ ရန်ကုန်တိုင်းဒေသကြီးစက်မှုဇုန်များဖော်ဆောင်ရေးနှင့် ကြီးကြပ်ရေးကော်မတီဖွဲ့စည်းခြင်းအမိန့်ကြော်ငြာစာ၊ ရှမ်းပြည်နယ်စက်မှုဇုန်များဖော်ဆောင်ရေးနှင့် ကြီးကြပ်ရေးကော်မတီဖွဲ့စည်းခြင်း အမိန့်ကြော်ငြာစာ၊ ရောဝတီတိုင်းဒေသကြီး စက်မှုဇုန်များဖော်ဆောင်ရေးနှင့်ကြီးကြပ်ရေးကော်မတီဖွဲ့စည်းခြင်း အမိန့်ကြော်ငြာစာ၊ နေပြည်တော်စက်မှုဇုန်များဖော်ဆောင်ရေးနှင့် ကြီးကြပ်ရေးကော်မတီဖွဲ့စည်းခြင်း အမိန့်ကြော်ငြာစာ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့်ကျန်းမာရေးဝန်ကြီးဌာန၏အမိန့်ကြော်ငြာစာအမှတ် ၄/၉၃ ကို ပြင်ဆင်ခြင်း အမိန့်ကြော်ငြာစာ၊ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှထုတ်ပြန်သည့် ငါးသားဖောက်စီးပွားဖြစ်လုပ်ကိုင်လိုသူများက လိုင်စင်လျှောက်ထားရာတွင် လိုက်နာဆောင်ရွက်ရမည့်စည်းကမ်းချက်များ ထုတ်ပြန်ခြင်းညွှန်ကြားချက်၊ မြန်မာနိုင်ငံအစားအသောက်နှင့်ဆေးဝါးအာဏာပိုင်အဖွဲ့က ထုတ်ပြန်သည့် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီအဆင့်ဆင့် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များသတ်မှတ်ခြင်းဆိုင်ရာအမိန့်နှင့် နို့စို့ကလေးနှင့်ကလေးငယ်အတွက် ဖော်စပ်ထုတ်လုပ်ထားသော အစားအသောက်များ ဈေးကွက်တင်ခြင်းဆိုင်ရာအမိန့်ကို ပြင်ဆင်သည့်အမိန့်တို့ကို အများပြည်သူများ လွယ်လင့်တကူ ကြည့်ရှုနိုင်ရန် ဖော်ပြဝန်ဆောင်မှုပေးထားပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် ငါးမွေးမြူခြင်းဆိုင်ရာဥပဒေပုဒ်မ ၃၉(ခ) ပါလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ငါးသားဖောက်စီးပွားဖြစ်လုပ်ကိုင်လိုသူများက လိုင်စင်လျှောက်ထားရာတွင် လိုက်နာဆောင်ရွက်ရန် ယင်းဥပဒေပုဒ်မ ၁၄(ဂ) နှင့် ၁၇ တို့အရ ငါးလုပ်ငန်းဦးစီးဌာနက

သတ်မှတ်သည့်စည်းကမ်းချက်များကို ၂၀-၈-၂၀၂၄ရက်နေ့တွင် ညွှန်ကြားချက်အမှတ် (၀၁/၂၀၂၄)ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

ယင်းညွှန်ကြားချက် အပိုဒ် ၁ ၌ ငါးသားဖောက်စီးပွားဖြစ်လုပ်ကိုင်လိုသူများသည် သားဖောက်လုပ်ငန်းမစတင်မီ မွေးမြူထုတ်လုပ်မည့်မျိုးပုစွန်၊ မျိုးကဏန်း၊ ဥ၊ သားလောင်း၊ သားပေါက်၊ သက်ငယ်ကောင်၊ သက်ကြီးကောင်၊ အေးခဲပုစွန်၊ အေးခဲကဏန်းများနှင့် အလှမွေးပုစွန်များ၏ နမူနာများအား ငါးလုပ်ငန်းဦးစီးဌာန၏ရောဂါရှာဖွေရေးဌာနစုရှိ မော်လီကျူလာကို အခြေခံသော နည်းပညာ (Polymerase Chain Reaction– PCR) ဖြင့် ရောဂါမပျက်မကွက်စစ်ဆေးရန်နှင့် ယင်းသို့ နမူနာပေးပို့စစ်ဆေးရာတွင် ဆောင်ရွက်ရမည့်အချက်များကိုအပိုဒ်ခွဲ(က)မှ(ဆ)အထိ တိကျစွာ ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

ငါးသားဖောက်စီးပွားဖြစ်လုပ်ကိုင်လိုသူများသည် ငါးမွေးမြူခြင်း (ပုစွန်၊ ကဏန်း၊ မွေးမြူခြင်း သို့မဟုတ် သားဖောက်ခြင်းအတွက်) လိုင်စင်ရရှိရန် အပိုဒ် ၁ အရ ပေးပို့သည့် နမူနာအကောင်များ သို့မဟုတ် ၎င်းအကောင်များ၏အစိတ်အပိုင်းများအား ငါးလုပ်ငန်းဦးစီးဌာန၏ရောဂါရှာဖွေရေး ဌာနစုတာဝန်ခံက သတ်မှတ်ချက်များနှင့်အညီစစ်ဆေး၍ ထုတ်ပေးထားသည့်ရလဒ်များအား သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနများသို့ တင်ပြရမည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ငါးသားဖောက်စီးပွားဖြစ်လုပ်ကိုင်လိုသူများအနေဖြင့် လိုင်စင်လျှောက်ထားရာတွင် လိုက်နာဆောင်ရွက်ရမည့်စည်းကမ်းချက်များကို MLIS Website တွင် အကျယ်တဝင့် ဝင်ရောက်လေ့လာဖတ်ရှုနိုင်ပါသည်။

e-Government ဌာနခွဲ
ဝန်ကြီးရုံး
ဥပဒေရေးရာဝန်ကြီးဌာန

## လျှပ်စစ်သုံးယာဉ်စွန့်ပစ်ဘက်ထရီများနှင့် လျှပ်စစ်သုံးယာဉ်ဆိုင်ရာ အခြားစွန့်ပစ်ပစ္စည်းများအား စီမံခန့်ခွဲမှုနှင့်သက်ဆိုင်သည့် ညွှန်ကြားချက်နှင့်စပ်လျဉ်းသည့် သတင်းစဉ်

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေပုဒ်မ ၄၂၊ ပုဒ်မခွဲ(ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကျင့်သုံး၍ လျှပ်စစ်သုံးယာဉ်စွန့်ပစ်ဘက်ထရီများနှင့် လျှပ်စစ်သုံးယာဉ်ဆိုင်ရာ အခြားစွန့်ပစ်ပစ္စည်းများကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိစေရန် ညွှန်ကြားချက်တစ်ရပ်ကို ၇-၈-၂၀၂၄ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်(၇၀/၂၀၂၄) ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

ယင်းညွှန်ကြားချက်တွင် လျှပ်စစ်သုံးယာဉ်စွန့်ပစ်ဘက်ထရီများနှင့် လျှပ်စစ်သုံးယာဉ်ဆိုင်ရာ အခြားစွန့်ပစ်ပစ္စည်းများအား ပြည်ပသို့တင်ပို့သူများ လိုက်နာရမည့်အချက်များနှင့် လျှပ်စစ်သုံးယာဉ်စွန့်ပစ်ဘက်ထရီများနှင့် လျှပ်စစ်သုံးယာဉ်ဆိုင်ရာ အခြားစွန့်ပစ်ပစ္စည်းများအား စွန့်ပစ်ခြင်းပြုသည့် လုပ်ငန်းလုပ်ကိုင်သူလိုက်နာရမည့်အချက်များကို ဖော်ပြထားပါသည်။

လျှပ်စစ်သုံးယာဉ်စွန့်ပစ်ဘက်ထရီများနှင့် လျှပ်စစ်သုံးယာဉ်ဆိုင်ရာ အခြားစွန့်ပစ်ပစ္စည်းများအားပြည်ပသို့ တင်ပို့သူများအနေဖြင့် ပြည်ပသို့တင်ပို့ခြင်းပြုလုပ်သည့်အခါ သက်ဆိုင်ရာနိုင်ငံ၏ ဘာဆယ်ကွန်ဗင်းရှင်းဆိုင်ရာအခွင့်ရအာဏာပိုင်သို့ ဝန်ကြီးဌာနက ကြိုတင်အသိပေးအကြောင်းကြားပြီးမှသာ လိုအပ်သည့်စာရွက်စာတမ်းများကို ဝန်ကြီးဌာနသို့ အပြည့်အစုံ တင်ပြရမည်ဖြစ်ပါသည်။ ထို့ပြင် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် အခြားစွန့်ပစ်ပစ္စည်း နယ်စပ်ဖြတ်ကျော်သယ်ယူပို့ဆောင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကိုလည်း လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

လျှပ်စစ်သုံးယာဉ်စွန့်ပစ်ဘက်ထရီများနှင့် လျှပ်စစ်သုံးယာဉ်ဆိုင်ရာ အခြားစွန့်ပစ်ပစ္စည်းများအား စွန့်ပစ်ခြင်းပြုသည့် လုပ်ငန်းလုပ်ကိုင်သူသည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံး

လုပ်နည်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၁၄ နှင့် ပုဒ်မ ၁၅ ပါပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

ထို့ပြင် လျှပ်စစ်သုံးယာဉ်စွန့်ပစ်ဘက်ထရီများနှင့် လျှပ်စစ်သုံးယာဉ်ဆိုင်ရာ အခြားစွန့်ပစ်ပစ္စည်းများကို ပြည်တွင်းတွင် ပြန်လည်ထုတ်လုပ်ခြင်းကို ဦးစားပေးဆောင်ရွက်ရန်နှင့် ညွှန်ကြားချက်ပါ လိုက်နာဆောင်ရွက်ရမည့်အချက်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်လျှင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေပုဒ်မ ၃၂ အရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း သိရှိရပါသည်။

နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ညွှန်ကြားချက်များစိစစ်ရေးဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းအမြစ်: ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန
အပတ်စဉ်သတင်းလွှာ
အတွဲ(၂) အမှတ် (၃၃) ၂၀၂၄ ခုနှစ် ဩဂုတ်လ ၃၀ ရက်

## ဗီယက်နမ်နိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများပြားလာသည့် စင်ကာပူနိုင်ငံ၏ အဓိကရင်းနှီးမြှုပ်နှံမှုကဏ္ဍများ

ဗီယက်နမ်နိုင်ငံနှင့် စင်ကာပူနိုင်ငံတို့သည် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် ခိုင်မာ၍ မဟာဗျူဟာကျသော စီးပွားဖက်နိုင်ငံများအဖြစ် ရပ်တည်လျက်ရှိပါသည်။ နှစ်နိုင်ငံဆက်ဆံရေးသည် ၁၉၇၃ ခုနှစ်မှ စတင်ခဲ့ပြီး ၁၉၉၂ ခုနှစ်တွင်ချုပ်ဆိုခဲ့သည့် Bilateral Investment Treaty နှင့် ၂၀၀၅ ခုနှစ်တွင် ချုပ်ဆိုခဲ့သည့် Connectivity Framework Agreement တို့မှာ အထင်ကရဖြစ်စေခဲ့ပြီး ယင်းစာချုပ်များသည်နှစ်နိုင်ငံ၏မူဝါဒများပေါင်းစပ်၍ စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ပိုမိုလွယ်ကူချောမွေ့စေခဲ့ပါသည်။

၂၀၂၃ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံရှိ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုမှာ မြို့ပြနိုင်ငံများမှ ၁၈ ရာခိုင်နှုန်း အမေရိကန်ဒေါ်လာ ၆.၉ ဘီလီယံဖြစ်ပြီး တစ်နှစ်လျှင် ၅.၄ ရာခိုင်နှုန်း တိုးတက်လျက်ရှိပါသည်။ ၂၀၂၄ ခုနှစ်မှစ၍ စင်ကာပူကုမ္ပဏီ ၃၀၀၀ ကျော်ခန့်က ဗီယက်နမ်နိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံလျက်ရှိပြီး ဗီယက်နမ်နိုင်ငံတွင် အကြီးမားဆုံး နိုင်ငံခြားရင်းနှီးမြှုပ်မှုပြုလုပ်သည့်နိုင်ငံလည်းဖြစ်ပါသည်။ စင်ကာပူကုမ္ပဏီများသည် ကဏ္ဍအသီးသီးတွင် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်သော်လည်း ကုန်ထုတ်လုပ်ခြင်း၊ အိမ်ခြံမြေ၊ ကုန်စည်လက်လီဖြန့်ချီခြင်းနှင့်ဘဏ္ဍာရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများတွင် ပိုမိုရင်းနှီးမြှုပ်နှံကြပါသည်။

ကုန်ထုတ်လုပ်မှုကဏ္ဍတွင် ဗီယက်နမ်နိုင်ငံသည်တရုတ်နိုင်ငံအပြင် နိုင်ငံပေါင်းစုံမှကုမ္ပဏီများက ၎င်းတို့၏ ကုန်ထုတ်လုပ်ဖြန့်ချီရေးလုပ်ငန်းအတွက် အဓိကသတ်မှတ်သည့်နိုင်ငံဖြစ်လာပါသည်။ Singapore’s Sembcorp က Vietnam-Singapore Industrial Parks ကို ဗီယက်နမ်နိုင်ငံ၏ ပြည်နယ်အချို့တွင် တည်ထောင်ထားရှိပြီး ကုန်ထုတ်လုပ်မှုကဏ္ဍတွင် အဓိကဆောင်ရွက်လျက်ရှိပါသည်။ Foxconn Singapore သည် အီလက်ထရောနစ်ပစ္စည်းများထုတ်လုပ်ရေးကဏ္ဍတွင် အဓိကဆောင်ရွက်သည့်ကုမ္ပဏီဖြစ်ပြီး smart entertainment products နှင့် smart -system equipment ထုတ်လုပ်မည့် စီမံကိန်း ၂ ခုအတွက် အတည်ပြုမိန့်ရရှိပြီးဖြစ်ကာ ယင်းစီမံကိန်းတည်ဆောက်ရေး

လုပ်ငန်း အား ၂၀၂၆ ခုနှစ် ဇူလိုင်လတွင် စတင်မည်ဖြစ်ပြီး ၂၀၂၇ ခုနှစ်မေလတွင် ထုတ်လုပ်ရေးအား စတင်မည်ဖြစ်ပါသည်။

အိမ်ခြံမြေကဏ္ဍတွင် ဟိုချီမင်းနှင့် ဟန္နိုင်း စသည့်မြို့ကြီးများတွင် လူနေထိုင်ရန်၊ စီးပွားရေးလုပ်ရန်နှင့် စက်မှုမြေနေရာများအတွက် သိသိသာသာ တိုးတက်မှုများရှိခဲ့ပါသည်။ စင်ကာပူအခြေစိုက် CapitaLand အိမ်ခြံမြေကုမ္ပဏီသည် ဗီယက်နမ်နိုင်ငံတွင် အမေရိကန် ဒေါ်လာ ၁.၂ ဘီလီယံနီးပါး ရင်းနှီးမြှုပ်နှံထားပါသည်။ ယင်းတို့တွင် ဟိုချီမင်းမြို့၏ အဓိကဖွံ့ဖြိုးတိုးတက်မှုဖြစ်သည့် CapitaLand Landmark 81 ကဲ့သို့သော စီမံကိန်းများစွာပါဝင်ပါသည်။

စွမ်းအင်ကဏ္ဍနှင့်စပ်လျဉ်း၍ ကျောက်မီးသွေးလျှပ်စစ်ဓာတ်အားပေးစက်ရုံများသည် လျှပ်စစ်ကဏ္ဍတွင် အကြီးမားဆုံးဖြစ်ပြီး ဓာတ်ငွေ့စက်ရုံများနှင့် ရေအားလျှပ်စစ်များက ယင်း၏နောက်တွင်ရှိနေပါသည်။ ၂၀၂၃ ခုနှစ်မှစ၍ ဗီယက်နမ်နိုင်ငံ၏လျှပ်စစ်ဓာတ်အားသည် 60 GW အထက်ရှိပြီး ကျောက်မီးသွေး လျှပ်စစ်ဓာတ်အားပေးစက်ရုံများက ၅၀ ရာခိုင်နှုန်း၊ ရေအားလျှပ်စစ်က ၂၀ ရာခိုင်နှုန်းနှင့်သဘာဝဓာတ်ငွေ့ ၂၀ ရာခိုင်နှုန်းရှိပါသည်။ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အရင်းအမြစ်များဖြစ်သည့် နေရောင်ခြည်စွမ်းအင်နှင့် လေအားလျှပ်စစ်စွမ်းအင်ကဏ္ဍများသည် လျင်မြန်စွာ တိုးတက်လျက်ရှိသော်လည်း လျှပ်စစ်ထုတ်လုပ်သည့်ကဏ္ဍတွင် သေးငယ်သည့် ပမာဏခန့်သာရှိပါသည်။ Singapore's state-owned energy and urban development enterprise ဖြစ်သည့် Sembcorp သည် ၂၀၀၀ ပြည့်နှစ်အစောပိုင်းမှစ၍ ဗီယက်နမ်နိုင်ငံ၏လျှပ်စစ်ကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၁ ဘီလီယံကျော် ရင်းနှီးမြှုပ်နှံခဲ့ပါသည်။

ဗီယက်နမ်နိုင်ငံနှင့် စင်ကာပူနိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုအားမြှင့်တင်ပေးသည့်သဘောတူစာချုပ်များတွင် Regional Comprehensive Economic Partnership(RCEP)နှင့် Comprehensive and Progressive Agreement for Trans-Pacific Partnership (CPTPP)တို့မှာ နှစ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုအား အဓိက အထောက်အပံ့ဖြစ်စေခဲ့ပါသည်။ RCEP သည် အာရှ-ပစိဖိတ် အဖွဲ့ဝင် ၁၅ နိုင်ငံအတွင်း အခွန်လျှော့ချခြင်းနှင့်စျေးကွက်ဝင်ရောက်မှုများတွင် ပိုမိုလွယ်ကူချောမွေ့ရန်ရည်ရွယ်ပြီး

CPTPP သည် အဖွဲ့ဝင် ၁၁ နိုင်ငံအကြား ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုတွင် စည်းမျဉ်းစည်းကမ်းများ လိုက်လျောညီထွေရှိမှုနှင့် အသိဉာဏပစ္စည်းများကာကွယ်ပေးခြင်းတို့ကို မြှင့်တင်ရန် ရည်ရွယ်ပါသည်။ ယင်းသဘောတူညီချက်များသည် စင်ကာပူကုမ္ပဏီများက ဗီယက်နမ်နိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံရာတွင်ပိုမိုလွယ်ကူစေပြီး ပိုမိုကောင်းမွန်သည့်စီးပွားရေးနယ်ပယ်ကိုဖန်တီးစေနိုင်ခဲ့ပါသည်။

စင်ကာပူနိုင်ငံက ဗီယက်နမ်နိုင်ငံတွင် အဓိကနိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့် ကဏ္ဍများမှာ ကုန်ထုတ်လုပ်မှု၊ အိမ်ခြံမြေနှင့် စွမ်းအင်ကဏ္ဍများဖြစ်ပါသည်။ စင်ကာပူကုမ္ပဏီများက ဗီယက်နမ်နိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံ၍ နှစ်နိုင်ငံစလုံးမှ အင်တိုက်အားတိုက်ပူးပေါင်းဆောင်ရွက်ခြင်းသည် နှစ်နိုင်ငံစီးပွားရေးကို သိသာသော အကျိုးသက်ရောက်မှုများရှိစေခဲ့ပြီး အထင်ကရဖြစ်သည့် သဘောတူညီချက်များနှင့် မဟာဗျူဟာကျသော ပူးပေါင်းဆောင်ရွက်မှုသည် နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုများ ပိုမိုခိုင်မာတိုးတက်ဖြစ်ထွန်းစေခဲ့ပါသည်။

၂၀၂၄ ခုနှစ်စာရင်းအရ မြန်မာနိုင်ငံတွင် စင်ကာပူနိုင်ငံက ၂၉ ရာခိုင်နှုန်းဖြင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု အများဆုံးနိုင်ငံအဖြစ် ရပ်တည်လျက်ရှိပြီး တရုတ်၊ ဟောင်ကောင်၊ ဗြိတိန်၊ ထိုင်း၊ ကိုရီးယား၊ မလေးရှား စသည့်နိုင်ငံများက ယင်း၏နောက်တွင် ရပ်တည်လျက်ရှိပါသည်။ စင်ကာပူနိုင်ငံက မြန်မာနိုင်ငံတွင် အဓိကနိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့်ကဏ္ဍများမှာ ဗီယက်နမ်နိုင်ငံကဲ့သို့ ကုန်ထုတ်လုပ်မှု၊ အိမ်ခြံမြေနှင့် စွမ်းအင်ကဏ္ဍများဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်ဆဲဖြစ်သည့် မြန်မာနိုင်ငံတွင် Urban development ကဏ္ဍများကိုပါ ရင်းနှီးမြှုပ်နှံလျက်ရှိကြောင်း တွေ့ရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားစာရင်း
Singapore's Growing Investments in Vietnam: Key Sectors (aseanbriefing.com)
Global new light of Myanmar , issued 7 May 2024

ဥပဒေရေးရာဝန်ကြီးဌာန
အပတ်စဉ်သတင်းလွှာ
အတွဲ(၂) အမှတ် (၃၃) ၂၀၂၄ ခုနှစ် ဩဂုတ်လ ၃၀ ရက်

## အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) တွင် နိုင်ငံများ၏ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ တာဝန်ရှိမှုနှင့်စပ်လျဉ်း၍ကြားနာရန် ကြေညာခြင်း

ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များသည် တစ်နေ့တစ်ခြား လျင်မြန်စွာဖြစ်ပေါ်လျက်ရှိပြီး တစ်ချို့နိုင်ငံများတွင် ရာသီဥတုဆိုးရွားစွာပြောင်းလဲမှုများကို ခံစားနေရပါသည်။ ရာသီဥတု မျှတကောင်းမွန်ပါက နိုင်ငံတစ်နိုင်ငံသာမက ကမ္ဘာတစ်ဝှမ်းလုံး အေးချမ်းသာယာမည်ဖြစ်ပြီး ရာသီဥတုကောင်းမွန်ရေးသည် ကမ္ဘာပေါ်ရှိလူသားတိုင်းနှင့်သက်ဆိုင်သော တာဝန်တစ်ရပ်လည်း ဖြစ်ပါသည်။

ရာသီဥတုတိုးတက်ကောင်းမွန်စေရေးအတွက် ကုလသမဂ္ဂအဖွဲ့အစည်းမှ သင့်လျော်သော ဆုံးဖြတ်ချက်များ၊ အစီအမံများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) မှ ၂- ၁၂- ၂၀၂၄ ရက်နေ့တွင် နိုင်ငံများ၏ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ တာဝန်ရှိမှုနှင့်စပ်လျဉ်း၍ အကြံပြုချက်များကို ကြားနာမည်ဖြစ်ကြောင်း ၁၆- ၈- ၂၀၂၄ ရက်နေ့တွင် ကြေညာချက်ထုတ်ပြန်ခဲ့ပါသည်။

ကုလသမဂ္ဂအထွေထွေညီလာခံမှ နိုင်ငံများ၏ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ တာဝန်ရှိမှုနှင့် စပ်လျဉ်း၍ အကြံပြုချက်များကို ရှာဖွေဖော်ထုတ်ရန် ဆုံးဖြတ်ချက်အား ၂၀၂၃ ခုနှစ်တွင် တစ်ညီတစ်ညွတ်တည်း ဆုံးဖြတ်ခဲ့ကြပါသည်။ ကုလသမဂ္ဂအထွေထွေညီလာခံမှ နိုင်ငံများအနေဖြင့် အပြည်ပြည်ဆိုင်ရာဥပဒေအရ ရာသီဥတုပြောင်းလဲမှုဆိုင်ရာတာဝန်များရှိကြောင်းနှင့် နိုင်ငံတစ်နိုင်ငံအနေဖြင့် ဖွံ့ဖြိုးဆဲအင်အားနည်းသော ကျွန်းငယ်နိုင်ငံများ၏သဘာဝပတ်ဝန်းကျင်ကိုထိခိုက်မှု၊ လက်ရှိနှင့် အနာဂတ်မျိုးဆက်သစ်တို့အပေါ် ထိခိုက်နိုင်မှုများဖြစ်ပေါ်ပါက ဥပဒေကြောင်းအရ အကျိုးသက်ရောက်ခြင်းတို့နှင့်စပ်လျဉ်းသည့် အဖြေကို ရှာဖွေခဲ့ပါသည်။

ကုလသမဂ္ဂအထွေထွေညီလာခံမှ အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ) သို့ ကုလသမဂ္ဂပဋိညာဉ်စာတမ်း(UN Charter)၊ပြင်သစ်သဘောတူညီချက်စာတမ်း(Paris Agreement)၊ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်း(Universal Declaration of Human Rights)တို့ကဲ့သို့သော အပြည်ပြည်ဆိုင်ရာဥပဒေသဘောတူညီချက်စာတမ်းများအရ သဘာဝပတ်ဝန်းကျင်ဆိုင်ရာတာဝန်ရှိမှုများ

ထည့်သွင်းစဉ်းစားရန် အဆိုပြုတင်ပြခဲ့ကြောင်း၊ ယင်းအဆိုပြုချက်တွင် လူ့အခွင့်အရေးဆိုင်ရာ သဘောတူညီချက်စာတမ်းများကိုထည့်သွင်းခြင်းဖြင့် ကုလသမဂ္ဂအထွေထွေညီလာခံမှ ရာသီဥတုပြောင်းလဲမှုဆိုင်ရာတာဝန်ရှိမှုများသည် လူ့အခွင့်အရေးဆိုင်ရာပြဿနာရပ်တစ်ခုဖြစ်နိုင်ကြောင်းကို အသိအမှတ်ပြုခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

ယခုရာသီဥတုပြောင်းလဲမှုနှင့်စပ်လျဉ်းသည့်အကြံပြုချက်များကို လွန်ခဲ့သောနှစ်များအတွင်း တတိယအကြိမ်တင်ပြခြင်းဖြစ်ပြီး အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုအသစ်များ ပေါ်ထွန်းစေရန်ဖြစ်ပါသည်။ ယခုနှစ်အစောပိုင်းတွင် ပင်လယ်ပြင်ဆိုင်ရာနိုင်ငံတကာခုံရုံးက ဖန်လုံအိမ်မှ ဓာတ်ငွေ့စွန့်ထုတ်ခြင်းကို ပင်လယ်ပြင်ညစ်ညမ်းမှုတစ်ခုအဖြစ်သတ်မှတ်ခဲ့ကြောင်းနှင့် နိုင်ငံများမှ ဖန်လုံအိမ်ဓာတ်ငွေ့စွန့်ထုတ်ခြင်းမှ ပင်လယ်ပြင်ညစ်ညမ်းမှုဖြစ်ပေါ်မှုကို တားဆီးလျှော့ချခြင်းနှင့် တားမြစ်ခြင်းတို့ပြုလုပ်နိုင်ရန် လိုအပ်သောနည်းလမ်းအားလုံးကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း အကြံပြုဖော်ပြခဲ့ပါသည်။ ထို့နည်းတူ ယခုနှစ်မေလတွင် အမေရိကန်နိုင်ငံလူ့အခွင့်အရေးဆိုင်ရာတရားရုံး ( The Inter- American Court of Human Rights) က လက်တင်အမေရိကရှိ ပြည်နယ်များတွင် ရာသီဥတုပြောင်းလဲမှုကို စီမံဆောင်ရွက်မည့် လူ့အခွင့်အရေးဆိုင်ရာတာဝန်များရှိ၊ မရှိကို ၂၀၂၄ ခုနှစ် နှစ်ကုန်ပိုင်း၌ ဆုံးဖြတ်ချက်ချမှတ်လျက်ကြားနာရန် စတင်ဆောင်ရွက်နေကြောင်း တွေ့ရှိရပါသည်။

အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ) မှ အကြံပြုချက်များနှင့်စပ်လျဉ်း၍ အစီရင်ခံစာ(၉၁)စောင်နှင့် ခုခံချေပလွှာ(၆၂)စောင်လက်ခံရရှိခဲ့ပြီး နှုတ်ဖြင့်ကြားနာရန်ကြေညာချက်သည် တစ်နှစ်ပတ်လုံး တင်ပြခဲ့သောအများဆုံးလက်ခံရရှိသည့်အစီရင်ခံစာပါအကြံပြုချက်များကို လိုက်နာမည်ဖြစ်ပါသည်။ အဆိုပါအကြံပြုချက်များတွင် အပြည်ပြည်ဆိုင်ရာရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ တာဝန်ဝတ္တရားများအပေါ် အကျိုးသက်ရောက်မှုဖြစ်နိုင်ချေများကို မီးမောင်းထိုးပြမည်ဖြစ်ပါသည်။ အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)သည် အစီရင်ခံစာ (၉၁)စောင်ကို ထုတ်ပြန်ခြင်းရှိ၊ မရှိနှင့် မည်သည့်အချိန်တွင် ထုတ်ပြန်မည်ကို ဆုံးဖြတ်မည်ဖြစ်ပြီး ယင်းသို့ထုတ်ပြန်ရန်ဆုံးဖြတ်ပါက လုပ်ငန်းစဉ်စတင်ပြီးနောက်

၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့ နောက်ပိုင်းတွင် အစီရင်ခံစာများရရှိနိုင်ရေး ပြုလုပ်ရမည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)၏အကြံပြုချက်သည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအပေါ်တွင် ဥပဒေကြောင်းအရ စည်းနှောင်မှုမရှိနိုင်သော်လည်း ဥပဒေဆိုင်ရာအချက်အလက်များအဖြစ် အာဏာသက်ရောက်မှုရှိပါသည်။ ယင်းအကြံပြုချက်သည် အဖွဲ့ဝင်နိုင်ငံများအားလုံးမှ သဘောတူဆုံးဖြတ်ထားသောအကြံပြုချက်များဖြစ်သဖြင့် အကြံပြုချက်ကိုလိုက်နာခြင်းဖြင့် အဖွဲ့ဝင်နိုင်ငံများအတွက် အထောက်အပံ့များဖြစ်ပေါ်စေနိုင်ပြီး ပိုမိုကောင်းမွန်သော ကိုယ်ကျင့်တရားဆိုင်ရာလှုံ့ဆော်မှုတစ်ခုအဖြစ် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

ရာသီဥတုပြောင်းလဲမှုဆိုင်ရာတာဝန်များနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ)မှ နှုတ်ဖြင့်ကြားနာရန်ကြေညာချက်သည် နိုင်ငံများအတွက် လူ့အခွင့်အရေးဆိုင်ရာတာဝန်တစ်ရပ်အဖြစ်လည်းကောင်း၊ နိုင်ငံများ၏အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်လည်းကောင်း ဆောင်ရွက်ခြင်းဖြင့် နိုင်ငံများအကြား ကောင်းမွန်သော တိုးတက်ပြောင်းလဲမှုများကို ဖြစ်ပေါ်စေနိုင်မည်ဖြစ်ပါသည်။ အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) ကဲ့သို့သော ကုလသမဂ္ဂအဖွဲ့အစည်း၏ဆုံးဖြတ်ချက်များ၊ ဆောင်ရွက်ချက်များသည် ဥပဒေအရ စည်းနှောင်မှုမရှိဟုဆိုနိုင်သော်လည်း ၎င်းတို့သည် နိုင်ငံများအကြားစောင့်ထိန်းရမည့် အပြည်ပြည်ဆိုင်ရာဓလေ့ထုံးတမ်း (International Customary Law) တစ်ရပ်ဖြစ်ပြီး လိုက်နာရမည့်တာဝန်တစ်ရပ်ဖြစ်ပါကြောင်း သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းဌာနခွဲ

ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန

Sources: https://www..jurist.org/news/2024/08/international-court-of-justice-to-hear-oral-submissions-on-states-climate-change-obligations/

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၂) အမှတ် (၃၃) ၂၀၂၄ ခုနှစ် ဩဂုတ်လ ၃၀ ရက်

## စင်ကာပူနိုင်ငံတွင် ရှေ့နေတစ်ဦးကို ၎င်းယခင်လုပ်ကိုင်ခဲ့သည့် law firm အား ဒေါ်လာ ၁၂၀,၀၀၀ ပြန်ပေးစေရန်အမိန့်ချမှတ်ခြင်း

စင်ကာပူနိုင်ငံတွင် ရှေ့နေလိုက်ခွင့်ပိတ်ပင်ခံရသည့် ရှေ့နေ M. Ravi ကို အမှုသည်များက ပေးချေထားသည့် အကျိုးဆောင်ခ ဒေါ်လာ ၁၂၀,၀၀၀ ကို ၎င်းလုပ်ကိုင်ခဲ့သည့် K.K. Cheng Law Firm အား ပြန်လည်ပေးဆပ်ရန် တရားရုံးက အမိန့်ချမှတ်ခဲ့ကြောင်း ဩဂုတ်လ ၂၁ ရက်နေ့တွင် ထုတ်ပြန်သည့် စီရင်ချက်အရ သိရသည်။

အမှုဖြစ်စဉ်မှာ ၂၀၂၁ ခုနှစ်တွင် စင်ကာပူဥပဒေအသင်း (The Law Society of Singapore) က Ravi ကို ရှေ့နေလိုက်ပါခွင့်လက်မှတ် ထုတ်ပေးခဲ့သည်။ ရှေ့နေလိုက်ပါခွင့်ပြုရာတွင် Ravi သည် အခြားရှေ့နေတစ်ဦး၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်ရမည်ဖြစ်ပြီး ၎င်း၏စိတ်ကျန်းမာရေးအတွက် ဆေးဝါးသောက်သုံးရန် ညွှန်ကြားချက်များကိုလည်း လိုက်နာရန် လိုအပ်ခဲ့သည်။ K.K. Cheng Law Firm ၏ ဒါရိုက်တာ Mr. Cheng kim kuan သည် Ravi ကိုကြီးကြပ်ရန်သဘောတူခဲ့သည်။

၂၀၂၁ ခုနှစ် အောက်တိုဘာလတွင် အမှုကိစ္စတစ်ခုအတွက် အမှုသည်များက ၎င်းတို့နှင့် Ravi အကြား သဘောတူညီထားသောအကျိုးဆောင်ခ စုစုပေါင်း ဒေါ်လာ ၂၄၀,၀၀၀ အနက် ဒေါ်လာ ၁၂၀,၀၀၀ ကို K.K. Cheng Law Firm သို့ပေးချေခဲ့သည်။ ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၁၆ ရက်တွင် K.K. Cheng Law Firm သည် အကျိုးဆောင်ခငွေကို Ravi သို့ လွှဲပြောင်းပေးခဲ့သည်။

ဒီဇင်ဘာလ ၂ ရက်နေ့တွင် Raviသည် ဆေးဝါးများသောက်သုံးရန်ပျက်ကွက်မှုကြောင့် ရှေ့နေလိုက်ပါဆောင်ရွက်ခွင့်ကို ရပ်ဆိုင်းကြောင်း အမိန့်ချမှတ်ခံခဲ့ရသည်။ နောက် ၂ ရက်အကြာတွင် အမှုသည်များက Ravi ကို ဆက်လက်၍ ငှားရမ်းခြင်းမပြုတော့ဘဲ ၎င်းတို့ပေးချေခဲ့သည့် အကျိုးဆောင်ခငွေကို ပြန်လည်တောင်းခံခဲ့သည်။

အမှုသည်များသည် အခြားဥပဒေဝန်ဆောင်မှုလုပ်ငန်းတစ်ခုဖြစ်သော Legal Standard Law Firm ကိုငှားရမ်းခဲ့ပြီး ဒီဇင်ဘာ ၃၀ ရက်တွင် ငွေတောင်းခံစာတစ်စောင်ကိုပေးပို့ခဲ့သည်။ Mr. Cheng

kim kuan သည် ထိုစာကို ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့၌ Ravi ထံ e-mail ဖြင့်ပေးပို့ခဲ့ပြီး ပြန်လည်ဖြေရှင်းပေးရန် တောင်းဆိုခဲ့သည်။ ထိုနေ့တွင်ပင် Ravi က ကိစ္စအားလုံးကို တာဝန်ယူကြောင်း K.K. Cheng Law Firm ကို လျော်ကြေးပေးမည်ဖြစ်ကြောင်း အကြောင်းပြန်ခဲ့သည်။

ထို့နောက် အမှုသည်များက အကျိုးဆောင်ခငွေပြန်လည်ရရှိရေးအတွက် တရားရုံးသို့ လျှောက်ထားတရားစွဲဆိုခဲ့ပြီး တရားရုံးက အကျိုးဆောင်ခငွေကို ပြန်လည်ပေးဆပ်ရန် အမိန့်ချခဲ့သည်။ ထို့ကြောင့် K.K. Cheng Law Firm သည် အကျိုးဆောင်ခငွေကို Legal Standard Law firm သို့ပေးရန် ၎င်း၏ယခင် e-mail ကိုကိုးကား၍ Ravi ထံစာဖြင့် တောင်းခံခဲ့သော်လည်း Raviက ပြန်လည်ဖြေကြားခြင်းမရှိခဲ့ပေ။ ထို့နောက် K.K. Cheng Law Firm သည် Ravi အပေါ် ယခုအမှုကို စွဲဆိုခဲ့သည်။

K.K. Cheng Law Firm၏ရှေ့နေက Ravi၏ e-mailသည် လျော်ကြေးငွေအတွက် အထောက်အထားတစ်ခုဖြစ်၍ ၎င်းရယူထားသည့်အကျိုးဆောင်ခငွေကို ပြန်လည်ပေးအပ်ရမည်ဖြစ်ကြောင်း တင်ပြခဲ့သည်။ ထို့ပြင် Ravi သည် Law Firm နှင့်သက်ဆိုင်သည့်ငွေကို ပြန်မပေးခြင်းဖြင့် အကျိုးများစွာဖြစ်ထွန်းခဲ့ကြောင်းလည်း ပြောဆိုခဲ့သည်။ Ravi၏ ရှေ့နေကလည်း e-mail ရေးသားစဉ်အချိန်က Ravi ၏ စိတ်ကျန်းမာရေးချွတ်ယွင်းနေသဖြင့် သူ့ e-mail ကို လျော်ကြေးအဖြစ် အဓိပ္ပါယ်မကောက်ယူသင့်ကြောင်း တင်ပြပြောဆိုခဲ့သည်။

တရားသူကြီးက K.K. Cheng Law Firm သည် Ravi ၏ အမှုကိစ္စများကိုင်တွယ်ဆောင်ရွက်ရာတွင်လည်း ပါဝင်ဆောင်ရွက်ခြင်းမရှိသည့်အပြင် အကျိုးဆောင်ခငွေကိုလည်း မျှဝေရယူခြင်းမရှိကြောင်း၊ Ravi သည် e-mail ကို Mr. Cheng kim kuan သို့ ချက်ချင်းတိုက်ရိုက် ရေးသားတုံ့ပြန်ခဲ့ခြင်းဖြစ်ကြောင်းသုံးသပ်၍ Ravi ကို K.K. Cheng Law Firm သို့ ငွေများ ပြန်လည်ပေးအပ်ရန် အမိန့်ချမှတ်ခဲ့သည့်အပြင်ထိခိုက်နစ်နာမှုအတွက် နစ်နာကြေးပေးရန်လည်း အမိန့်ချမှတ်ခဲ့သည်။ ထို့ပြင် Ravi ကို ရှေ့နေတစ်ဦးအဖြစ် စည်းကမ်းပိုင်းဆိုင်ရာ ဖောက်ဖျက်မှုများအတွက် ရှေ့နေစာရင်းမှ ပယ်ဖျက်ခဲ့ပြီး ၂၀၂၁ ခုနှစ်မှ ၂၀၂၃ ခုနှစ်အတွင်း ကျူးလွန်ခဲ့သော ပြစ်မှုများစွာအတွက်

ထောင်ဒဏ်နှင့် ငွေဒဏ်ဒေါ်လာ ၅၅၀၀ ချမှတ်ခဲ့သည်။ Mr. Cheng kim kuan ကိုလည်း Ravi အား ကြီးကြပ်ရန်ပျက်ကွက်ခဲ့သဖြင့် ရှေ့နေလိုက်ပါဆောင်ရွက်ခွင့် ၆ လ ရပ်ဆိုင်းကြောင်း အမိန့်ချမှတ်ခဲ့သည်။

ဥပဒေသုတေသနဌာနခွဲ
ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

Source: https://www.straitstimes.com/singapore/courts-crime/ex-lawyer-m-ravi-ordered-to-return-120000-paid-by-clients-to-his-former-law-firm

**အလုပ်ချိန်ပြင်ပ၌ အလုပ်ရှင်က ဆက်သွယ်သည့်တယ်လီဖုန်းနှင့် စာသားမက်ဆေ့ (message) များကို အလုပ်သမားများက လက်ခံဖြေကြားရန်မလိုသည့် ဥပဒေကို ဩစတြေးလျနိုင်ငံတွင်ပြဋ္ဌာန်းခြင်း**

ဩစတြေးလျနိုင်ငံတွင် The Fair Work Legislation Amendment (Closing Loopholes No. 2) Act 2024 ကို ၂၆-၂-၂၀၂၄ ရက်နေ့တွင်ပြဋ္ဌာန်းခဲ့ကြောင်းနှင့် ယင်းဥပဒေပြင်ဆင်ချက်တွင် အလုပ်ချိန်ပြင်ပ၌ အလုပ်ရှင်က ဆက်သွယ်သည့်တယ်လီဖုန်းနှင့် စာသားမက်ဆေ့ (message)များကို အလုပ်သမားများက လက်ခံဖြေကြားရန်မလိုသည့် “Employee right to disconnect” ဆိုသည့် ပြဋ္ဌာန်းချက်ပါရှိကြောင်းတွေ့ရှိရပါသည်။

အဆိုပါပြဋ္ဌာန်းချက်တွင် အလုပ်ရှင်ကဖြစ်စေ၊ အလုပ်နှင့်ဆက်စပ်ပတ်သက်သည့် အခြားပုဂ္ဂိုလ် (third party) ကဖြစ်စေ အလုပ်သမားများထံသို့ အလုပ်ချိန်ပြင်ပတွင်ဆက်သွယ်သည့် သို့မဟုတ် ဆက်သွယ်ရန်ကြိုးစားသည့်ဆက်သွယ်မှုများကို အလုပ်သမားများအနေဖြင့် ခိုင်လုံသောအကြောင်းပြချက်ဖြင့် ငြင်းဆိုနိုင်ကြောင်း တွေ့ရှိရပါသည်။

အလုပ်ရှင်၏ဆက်သွယ်မှုအပေါ် အလုပ်သမားများက လက်ခံဖြေကြားမှုမပြုခြင်း သို့မဟုတ် ခိုင်လုံသောအကြောင်းပြချက်ဖြင့် ငြင်းဆိုမှုပြုခြင်းနှင့်စပ်လျဉ်း၍ အလုပ်ရှင်နှင့်အလုပ်သမားတို့ အကြားအငြင်းပွားမှုဖြစ်ပွားလာပါက ပထမအဆင့်အနေဖြင့် လုပ်ငန်းခွင်အတွင်းဖြေရှင်းဆောင်ရွက်ရန်နှင့်ပြေလည်မှုမရရှိပါက ဒုတိယအဆင့်အနေဖြင့် The Fair Work Commission သို့လျှောက်ထားဖြေရှင်းဆောင်ရွက်နိုင်ကြောင်း တွေ့ရှိရပါသည်။

လျှောက်ထားချက်အပေါ် The Fair Work Commission က စိစစ်၍ အလုပ်ရှင်က အလုပ်သမားများ၏အလုပ်ချိန်ပြင်ပတွင် ဆက်သွယ်မှုကိုတားမြစ်ခြင်းအမိန့် သို့မဟုတ် အလုပ်ရှင်၏ ဆက်သွယ်မှုအပေါ် အလုပ်သမားကဖြေကြားရန် တာဝန်ရှိသည့်အမိန့်တစ်ရပ်ရပ်ကို လျှောက်ထားသည့်နေ့မှ ၁၄ ရက်အတွင်း ချမှတ်ရမည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

သို့ရာတွင် The Fair Work Commission အနေဖြင့် စိတ်အနှောင့်အယှက်ဖြစ်စေသောကိစ္စသို့မဟုတ် အရေးမကြီးသောကိစ္စများနှင့် ဩစတြေးလျနိုင်ငံ၏တပ်မတော်၊ အမျိုးသားလုံခြုံရေး၊ ရဲတပ်ဖွဲ့တို့နှင့်သက်ဆိုင်သည့်လျှောက်ထားချက်များကို ဖယ်ထုတ်ခွင့်ရှိကြောင်း တွေ့ရှိရပါသည်။

The Fair Work Commission က ချမှတ်သည့်အမိန့်ကို လိုက်နာခြင်းမရှိသောအလုပ်ရှင်များသည် အများဆုံးဒဏ်ငွေ ဩစတြေးလျဒေါ်လာ ၉၄၀၀၀ အထိလည်းကောင်း၊ အလုပ်သမားများသည် အများဆုံးဒဏ်ငွေ ဩစတြေးလျဒေါ်လာ ၁၉၀၀၀ အထိလည်းကောင်း ပေးဆောင်ရမည်ဖြစ်ကြောင်း သိရှိရပါသည်။

ဥပဒေဘာသာပြန်ဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက် -

- BBC news (https://www.bbc.com/news/articles/c5y32g7203vo)
- (https://www.legislation.gov.au/C2024A00002/asmade/text)

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

